# မဲဆောက်ရှိ မြန်မာကျောင်းဆရာ၊ ဆရာမများ အစည်းအရုံးဖွဲ့စည်း

ကိုဝိုင်း

၂၄ အောက်တိုဘာ ၂၀၀၅ / ၁၈း၂၀

ရွှေ့ပြောင်းဒေသပညာရေး ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရန်ရည်ရွယ်၍ 'မြန်မာရွှေ့ပြောင်းဒေသ ဆရာ၊ ဆရာမများအစည်းအရုံး' ဖွဲ့စည်းထူထောင်ရန် ထိုင်းနိုင်ငံ မဲဆောက်ဒေသရှိ မြန်မာစာသင်ကျောင်းများ စုပေါင်း သဘောတူညီခဲ့ကြသည်။



Photo: BMWEC

အစည်းအရုံးဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးကျင်းပစဉ်

အစည်းအရုံးဖွဲ့စည်းပြီးပါက ကျောင်းများအချင်းချင်း ပိုမိုဆက်စပ်လာနိုင်ပြီး ကျောင်းသားများအတွက် အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း စေတနာမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာချိုက ပြောသည်။

၎င်းက "လုံခြုံရေးပိုင်းဆိုင်ရာတွေ၊ သာရေးနာရေးကိစ္စတွေ၊ တစုံတရာအားကိုးလို့ ရနိုင်မယ်လေ။ ပညာသင်မှုအပိုင်းမှာ သင်ကြားနည်းစနစ်တွေ ပိုပြီးရလာမယ်၊ ဘာသာရပ်ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ပိုလုပ်လာနိုင်မယ်" ဟုပြောသည်။

အစည်းအရုံးတွင် မြန်မာနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများ ပညာရေးကော်မတီအဖွဲ့ဝင်ကျောင်းများ၊ အန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ) ကျောင်း၊ ထိုင်းအစိုးရမဟုတ်သည့် ပညာရေးအဖွဲ့ (အန်စီစီအမ်) နှင့် သီးသန့်လွတ်လပ်သည့်ကျောင်းများမှ ဆရာ၊ ဆရာမများဖြင့် ဖွဲ့စည်းသွားရန် မဲဆောက်မြို့တွင် အောက်တိုဘာ (၂၁) ရက် အစည်းအဝေး၌ သဘောတူခဲ့ကြပြီး (၁၁) ဦးပါ ဖြစ်မြောက်ရေးကော်မတီကို ရွေးချယ်ခဲ့ကြသည်။ ယင်းကော်မတီက အများဆုံး (၂) နှစ်ကြာ တာဝန်ယူဆောင်ရွက်မည်ဟု သိရသည်။

အစည်းအရုံးဖြစ်မြောက်ရေး ကော်မတီဝင် ဆရာမကြီးဖောလေက "ဒီအဖွဲ့အစည်းကို ဖွဲ့နိုင်ခဲ့မယ်ဆိုရင် migrant ပညာရေးလည်း ပိုပြီးတော့ ထူထောင်လာနိုင်မှာပေါ့။ ပိုပြီးအားရှိလာတာပေါ့" ဟုပြောသည်။

ရွှေ့ပြောင်းပညာရေးနှင့်ပတ်သက်၍ မဲဆောက်ဒေသသည် ထိုင်းနိုင်ငံတွင် အဖွံ့ဖြိုးဆုံးဖြစ်ပြီး ယင်းဒေသတွင် ကျောင်းဆရာ၊ ဆရာမများအစည်းအရုံး ဖွဲ့စည်းပြီးပါက အခြားဒေသများနှင့်လည်း ဆက်စပ်လုပ်ဆောင်သွားမည်ဟု ၎င်းကဆိုသည်။

မဲဆောက်နှင့် အနီးတဝိုက်တွင် ရွှေ့ပြောင်းကျောင်းပေါင်း (၄၃) ကျောင်းရှိပြီး ကျောင်းသား၊ ကျောင်းသူ (၅,၀၀၀) ကျော်နှင့် ဆရာ၊ ဆရာမ (၃၀၀) ကျော်ရှိသည်။

မဲဆောက်ရှိ စာသင်ကျောင်းကြီးများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းထားပြီး ကျောင်းသားအစည်းအရုံး ပေါ်ထွက်လာရေးအတွက် ရှေ့လာမည့်လတွင် ကျောင်းသားထုအစည်းအဝေးတခု ခေါ်ယူထားကြောင်း သိရသည်။

နအဖစစ်အစိုးရ အုပ်ချုပ်နေသည့် မြန်မာနိုင်ငံတွင် အစည်းအရုံး သို့မဟုတ် သမဂ္ဂ စသည်တို့ကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်မရှိပေ။ ■